# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

# မတ်ပဲ

## ဈေးကွက်အလားအလာလေ့လာချက်

## (ITC MARKET SCAN)

အမှတ်စဉ် (၀၀၀၅)

**(HS-Code 071331)**

**Vigna mungo**










**November 2020**

# ဈေးကွက်အလားအလာလေ့လာချက်

## (ITC MARKET SCAN)

## PRODUCT : 071331 Vigna mungo

(HS–Code 071331)

Vigna mungo


ကမ္ဘာ့ထိပ်တန်းဝယ်ယူသောနိုင်ငံများနှင့် မြန်မာ့ပို့ကုန်နှိုင်းယှဉ် လေ့လာချက်


၂၀၁၉ ခုနှစ်၌ ကမ္ဘာ့အများဆုံးတင်သွင်းသော(၁၀) နိုင်ငံ

**Fig 1: Top 10 World importers in 2019**

| No | Importers | Value Imported in 2019 (US$,000) | Quantity Imported in 2019(Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|---|
| 1 | India | 251070 | 373669 | 672 | 28 |
| 2 | Viet Nam | 128777 | 92861 | 1387 | 14.4 |
| 3 | China | 87176 | 113228 | 770 | 9.7 |
| 4 | Japan | 81215 | 56638 | 1434 | 9.1 |
| 5 | Indonesia | 73492 | 76765 | 957 | 8.2 |
| 6 | United States of America | 37719 | 24069 | 1567 | 4.2 |
| 7 | Philippines | 31097 | 34705 | 896 | 3.5 |
| 8 | Malaysia | 24569 | 28235 | 870 | 2.7 |
| 9 | Thailand | 22779 | 28024 | 813 | 2.5 |
| 10 | Taipei, Chinese | 18117 | 17972 | 1008 | 2 |
| 11 | other | 139210 | 155113 | –9480 | 15.7 |
| 12 | World Total | 895221 | 1001279 | 894 | 100 |

Source : ITC TradeMap


Top 10 World Importers In 2019
400000
350000
300000
250000
200000
150000
100000
50000
0
India
Viet Nam
China
Japan
Indonesia
United States of America
Philippines
Malaysia
Thailand
Taipei, Chinese
other
Value imported in 2019 (USD thousand)
Quantity imported in 2019


List of importing countries for the selected product in 2019
Product : 071331 Dried, shelled beans of species "Vigna mungo [L.] Hepper or Vigna radiata [L.] Wilczek", whether or not skinned or split
Greenland
Canada
United States of America
Mexico
Cuba
Peru
Brazil
Chile
Norway
Spain
Italy
Ukraine
Turkey
Russian Federation
Kazakhstan
Mongolia
China
Iraq
Pakistan
India
Algeria
Egypt
Mali
Niger
Chad
Sudan
Nigeria
Ethiopia
Angola
Australia
Imported value, USD thousand
N.A.
0 - 2,511 USD thousand
2,511 - 12,553 USD thousand
12,553 - 25,107 USD thousand
25,107 - 50,214 USD thousand
50,214 - 125,534 USD thousand
> 125,534 USD thousand

၁။ ၂၀၁၉ ခုနှစ်တွင် (HS.Code–071331) မတ်ပဲအား အများဆုံး တင်သွင်းခဲ့သော ကမ္ဘာ့ထိပ်တန်း ၁၀နိုင်ငံမှာ အိန္ဒိယ၊ ဗီယက်နမ်၊ တရုတ်၊ ဂျပန်၊ အင်ဒိုနီးရှား၊ အမေရိကန်၊ ဖိလစ်ပိုင်၊ မလေးရှား၊ ထိုင်း၊ တိုင်ပေ(တရုတ်)တို့ဖြစ်ကြသည်ကို ITC Trade Map အရသိရှိရသည်။ အိန္ဒိယ၏ ၂၀၁၉ ခုနှစ် သွင်းကုန်တန်ဖိုး စုစုပေါင်းမှာကန်ဒေါ်လာ ၂၅၁ ဒသမ ၀၇၀ သန်းရှိပြီး ကမ္ဘာ့မတ်ပဲဈေးကွက်၏ ဈေးကွက်ဝေစု ၂၈ ရာခိုင်နှုန်းရရှိထားသည်။ ထို့နောက် ဗီယက်နမ်က သွင်းကုန်တန်ဖိုးကန်ဒေါ်လာ ၁၂၈ ဒသမ ၇၇၇ သန်းဖိုးတင်သွင်း၍ ဈေးကွက်ဝေစု ၁၄ဒသမ ၄ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ တရုတ်က ကန်ဒေါ်လာ ၈၇ ဒသမ ၁၇၆ သန်းဖိုး တင်သွင်း၍ ဈေးကွက်ဝေစု ၉ ဒသမ၇ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင်ရှိသည်။ အလားတူ ဂျပန်၊ အင်ဒိုနီးရှား၊ အမေရိကန်၊ ဖိလစ်ပိုင်၊ မလေးရှား၊ ထိုင်း၊ တိုင်ပေ(တရုတ်) တို့က အစဉ်လိုက်ရပ်တည်လျက်ရှိကြသည်။ ကမ္ဘာ့မတ်ပဲတင်သွင်းသည့် နိုင်ငံပေါင်း (၁၆၈) နိုင်ငံရှိပြီး ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံ၏ တစ်တန်ပေါက်ဈေးများကို နှိုင်းယှဉ်လေ့လာရာတွင် အမေရိကန်က ဝယ်ယူသည့်ဈေးမှာ အမြင့်ဆုံးဖြစ်ပြီး ဂျပန်က ဒုတိယ၊ ဗီယက်နမ်က တတိယ၊ တိုင်ပေ(တရုတ်)က စတုတ္ထနှင့် အင်ဒိုနီးရှားက ပဉ္စမတို့ ဖြစ်ကြသည်။

## မြန်မာ့ မတ်ပဲ အများဆုံး တင်ပို့ခဲ့သည့် နိုင်ငံများ (၂၀၁၉)

**Fig 2: Top 10 Importers of Myanmar in 2019**

| Importer Countries | Value Imported in 2019 (US$,000) | Quantity Imported in 2019 (Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| India | 192904 | 299297 | 645 | 52.7 |
| Indonesia | 41949 | 44910 | 934 | 11.5 |
| China | 41874 | 56273 | 744 | 11.4 |
| Thailand | 19868 | 24545 | 809 | 5.4 |
| Malaysia | 18247 | 21943 | 832 | 5 |
| Philippines | 14026 | 16227 | 864 | 3.8 |
| Japan | 11841 | 11674 | 1014 | 3.2 |
| United Kingdom | 5885 | 5694 | 1034 | 1.6 |
| Netherlands | 4477 | 3888 | 1151 | 1.2 |
| Taipei, Chinese | 3863 | 3896 | 992 | 1.1 |

Source : ITC TradeMap

၂။ ၂၀၁၉ ခုနှစ်တွင် မြန်မာမတ်ပဲအား အများဆုံး တင်ပို့ရောင်းချခဲ့သည့်နိုင်ငံများမှာ ITC Trade Map အရ အိန္ဒိယ၊ အင်ဒိုနီးရှား၊ တရုတ်၊ ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ဂျပန်၊ အင်္ဂလန်၊ နယ်သာလန်စ်၊ တိုင်ပေ(တရုတ်) တို့ဖြစ်ကြသည်။

## ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း ကမ္ဘာ့နိုင်ငံအသီးသီးက ပြည်ပသို့ မတ်ပဲ တင်ပို့မှု

၃။ ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း ကမ္ဘာ့နိုင်ငံအသီးသီးက ပြည်ပသို့ မတ်ပဲတင်ပို့မှုပမာဏနှင့် တန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း ကမ္ဘာ့နိုင်ငံများက ပြည်ပသို့ မတ်ပဲတင်ပို့မှုတန်ဖိုးပြဇယား

**Fig 3: List of exporters for the selected product**

Product: **071331 Dried, shelled beans of species "Vigna mungo [L.] Hepper**

Unit : US Dollar thousand

| NO | Exporters | Exported value in 2015 | Exported value in 2016 | Exported value in 2017 | Exported value in 2018 | Exported value in 2019 |
|---|---|---|---|---|---|---|
| 1 | Myanmar* | 1012903 | 1113393 | 747275 | 550393 | 366310 |
| 2 | China | 227995 | 211733 | 217638 | 232234 | 208498 |
| 3 | Uzbekistan | | | 15647 | 70800 | 48289 |
| 4 | Indonesia | 46106 | 28250 | 30026 | 30049 | 35969 |
| 5 | Brazil | 0 | 934 | 4832 | 17473 | 28222 |
| 6 | Australia | 132286 | 158453 | 101456 | 94629 | 27107 |
| 7 | Ethiopia | 533 | 12684 | 20827 | 23724 | 26217 |
| 8 | India | 10424 | 16635 | 19928 | 19012 | 24868 |
| 9 | Thailand | 28667 | 23435 | 32087 | 21017 | 19025 |
| 10 | Argentina | 19398 | 25078 | 19507 | 24362 | 18837 |
| 11 | other | 166031 | 226775 | 157595 | 129507 | 90182 |
| 12 | World Total | 1644343 | 1817370 | 1366818 | 1213200 | 893524 |

Source: ITC Trade Map

***မူရင်းဇယားတွင် မြန်မာနိုင်ငံသည် အမှတ်စဉ် (၁) တွင်ရှိပါသည်။**

# ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း ကမ္ဘာ့နိုင်ငံအသီးသီးက ပြည်ပသို့ မတ်ပဲတင်ပို့မှုပမာဏပြဇယား

**Fig 4: List of exporters for the selected product**

Product: **071331 Dried, shelled beans of species "Vigna mungo [L.] Hepper**

| No | Exporters | 2015 Exported quantity, Tons | 2016 Exported quantity, Tons | 2017 Exported quantity, Tons | 2018 Exported quantity, Tons | 2019 Exported quantity, Tons |
|---|---|---|---|---|---|---|
| 1 | Myanmar* | 403405 | 421565 | 1058008 | 1012951 | 500032 |
| 2 | China | 107320 | 107499 | 102498 | 130727 | 126005 |
| 3 | Uzbekistan | | | 23814 | 109165 | 66615 |
| 4 | Ethiopia | 747 | 12997 | 22114 | 30647 | 38155 |
| 5 | Brazil | 0 | 1019 | 5545 | 24199 | 35978 |
| 6 | Indonesia | 45383 | 28124 | 28595 | 32269 | 35424 |
| 7 | Australia | 116945 | 153154 | 113042 | 108737 | 28535 |
| 8 | Argentina | 23014 | 30322 | 25514 | 37592 | 26738 |
| 9 | India | 6684 | 9077 | 15883 | 17624 | 21750 |
| 10 | Tanzania, United Republic of | 47783 | 93489 | 48290 | 44895 | 21255 |
| 11 | Other | 173070 | 201288 | 179047 | 173994 | 105720 |
| 12 | World Total | 924351 | 1058534 | 1622350 | 1722800 | 1006207 |

Source: ITC Trade Map

***မူရင်းဇယားတွင် မြန်မာနိုင်ငံသည် အမှတ်စဉ် (၁) တွင်ရှိပါသည်။**

၄။ ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ကမ္ဘာ့စျေးကွက်တွင် မတ်ပဲတင်ပို့သောနိုင်ငံ ၁၂၅ နိုင်ငံရှိပြီးမြန်မာနိုင်ငံသည် ပမာဏနှင့် တန်ဖိုးအားဖြင့် တင်ပို့မှုတွင် အဆင့် ၁ နေရာတွင်ရှိနေပါသည်။

## မတ်ပဲ အများဆုံးတင်သွင်းသော အာရှ (၁၀)နိုင်ငံ (၂၀၁၉)

### Fig 5: Top 10 Asia Importers in 2019

| Country | Value (in USD Thousand) | Quantity (in Tons) | Unit Value (USD/Unit) | Market Share % |
|---|---|---|---|---|
| India | 251070 | 373669 | 672 | 28 |
| Viet Nam | 128777 | 92861 | 1387 | 14.4 |
| China | 87176 | 113228 | 770 | 9.7 |
| Japan | 81215 | 56638 | 1434 | 9.1 |
| Indonesia | 73492 | 76765 | 957 | 8.2 |
| Philippines | 31097 | 34705 | 896 | 3.5 |
| Malaysia | 24569 | 28235 | 870 | 2.7 |
| Thailand | 22779 | 28024 | 813 | 2.5 |
| Taipei, Chinese | 18117 | 17972 | 1008 | 2 |
| Korea, Republic of | 8909 | 6955 | 1281 | 1 |

Source : ITC TradeMap


၅။ ၂၀၁၉ ခုနှစ်တွင် မတ်ပဲကို အာရှနိုင်ငံများအနက် အများဆုံးဝယ်ယူလျက်ရှိသောနိုင်ငံများမှာ အိန္ဒိယ၊ ဗီယက်နမ်၊ တရုတ်၊ ဂျပန်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှား၊ ထိုင်း၊ တိုင်ပေ (တရုတ်)၊ကိုရီးယားတို့ဖြစ်ကြသည်။ အိန္ဒိယသည် ၂၀၁၉ ခုနှစ်တွင် သွင်းကုန်တန်ဘိုးကန်ဒေါ်လာ ၂၅၁ ဒသမ ၀၇၀ သန်းဖိုးနှင့် အရေအတွက် ၃၇၃၆၆၉ တန်ဖြင့် အများဆုံးဝယ်ယူခဲ့ပြီး ဗီယက်နမ်ကကန်ဒေါ်လာ ၁၂၈ ဒသမ ၇၇၇ သန်းဖိုးနှင့် အရေအတွက် ၉၂၈၆၁ တန်ဖြင့် ဒုတိယအများဆုံး၊ တရုတ်က ကန်ဒေါ်လာ ၈၇ ဒသမ ၁၇၆ သန်းဖိုးနှင့် အရေအတွက် ၁၁၃၂၂၈ တန်ဖြင့် တတိယ အများဆုံးဝယ်ယူလျက်ရှိကြောင်းတွေ့ရသည်။ ထို့နောက် ဂျပန်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှား၊ ထိုင်း၊ တိုင်ပေ(တရုတ်)၊ ကိုရီးယားတို့က အစဉ်လိုက်ရှိကြသည်။

# ကမ္ဘာ့ပို့ကုန်ထိပ်တန်း (၁၀) နိုင်ငံ (၂၀၁၉)

## Fig 6. Top 10 World exporters in 2019


| Exporter Countries | Value Exported in 2019 (US$,000) | Quantity Exported in 2019(Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Myanmar | 366309 | 500032 | 733 | 41 |
| China | 208498 | 126005 | 1655 | 23.3 |
| Uzbekistan | 48289 | 66615 | 725 | 5.4 |
| Indonesia | 35969 | 35424 | 1015 | 4 |
| Brazil | 28222 | 35978 | 784 | 3.2 |
| Australia | 27107 | 28535 | 950 | 3 |
| Ethiopia | 26216 | 38155 | 687 | 2.9 |
| India | 24868 | 21750 | 1143 | 2.8 |
| Thailand | 19025 | 18419 | 1033 | 2.1 |
| Argentina | 18837 | 26738 | 705 | 2.1 |

Source : ITC TradeMap



List of exporting countries for the selected product in 2019

Product : 071331 Dried, shelled beans of species "Vigna mungo [L.] Hepper or Vigna radiata [L.] Wilczek", whether or not skinned or split




၆။ ၂၀၁၉ ခုနှစ်တွင် မတ်ပဲ (HS.Code–071331) အား တင်ပို့ရောင်းချလျက်ရှိသော ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ မြန်မာ၊ တရုတ်၊ ဥဇဘက်ကစ္စတန်၊ အင်ဒိုနီးရှား၊ ဘရာဇီး၊ ဩစတေးလျ၊ အီသီယိုးပီးယား၊ အိန္ဒိယ၊ ထိုင်း၊ အာဂျင်တီးနားတို့ဖြစ်ကြသည်။ မြန်မာက ကန်ဒေါ်လာ ၃၆၆ ဒသမ ၃၀၉ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၄၁ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေသည်ကိုတွေ့ရသည်။ ဒုတိယနေရာရှိ တရုတ်က ကန်ဒေါ်လာ ၂၀၈ ဒသမ ၄၉၈ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၂၃ ဒသမ ၃ ရာခိုင်နှုန်း၊ တတိယနေရာရှိ ဥဇဘက်ကစ္စတန်က ကန်ဒေါ်လာ ၄၈ ဒသမ ၂၈၉ သန်းဖိုးနှင့် ဈေးကွက်ဝေစု ၅ ဒသမ ၄ ရာခိုင်နှုန်းရရှိထားသည်။ ထို့နောက် အင်ဒိုနီးရှား၊ ဘရာဇီး၊ ဩစတေးလျ၊ အီသီယိုးပီးယား၊ အိန္ဒိယ၊ ထိုင်း၊ အာဂျင်တီးနားတို့က အစဉ်လိုက်ရှိကြသည်။ ဈေးနှုန်းအနေနှင့် တရုတ်က ပထမ၊ အိန္ဒိယက ဒုတိယ၊ ထိုင်းက တတိယ၊ အင်ဒိုနီးရှားက စတုတ္ထနှင့် ဩစတြေးလျက ပဥ္စမတို့ဖြစ်ကြသည်။ ကမ္ဘာ့မတ်ပဲတင်ပို့သော နိုင်ငံ (၈၈) နိုင်ငံရှိပြီး မြန်မာနိုင်ငံက အဆင့်(၁) နေရာတွင်ရှိသည်။

## EU နိုင်ငံများမှမတ်ပဲတင်သွင်းမှု

၇။ ၂၀၁၉ ခုနှစ်တွင် မတ်ပဲအများဆုံးတင်သွင်းခဲ့သော EU ထိပ်တန်း (၅) နိုင်ငံမှာ အင်္ဂလန်၊ နယ်သာလန်စ်၊ ဂျာမဏီ၊ ဘယ်လ်ဂျီယမ်၊ ပြင်သစ်တို့ဖြစ်ကြပြီး ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ (၅)နှစ် တာကာလအတွင်း တန်ဖိုးအားဖြင့် တင်သွင်းမှုရာခိုင်နှုန်းနှင့် ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် (၂) နှစ်တာကာလအတွင်း တန်ဖိုးအားဖြင့် တင်သွင်းမှုရာခိုင်နှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**Fig 7. Top Five EU Importers with the Biggest Growth in value Between 2015and 2019**

| Importers | Annual growth in value between 2015-2019 (%) | Annual growth in value between 2018-2019 (%) |
|---|---|---|
| United Kingdom | -8 | -6 |
| Netherlands | -16 | 159 |
| Germany | 0 | 19 |
| Belgium | -4 | 17 |
| France | -6 | -17 |

source : ITC Trade Map

၈။ မတ်ပဲအများဆုံး တင်သွင်းသော EU ထိပ်တန်း (၅)နိုင်ငံ၏ ၂၀၁၉ခုနှစ်အတွက် တင်သွင်းမှုပမာဏနှင့်တန်ဖိုး၊ တစ်တန်ဈေးနှုန်းနှင့် ဈေးကွက်ဝေစု အခြေအနေများကို အောက်ပါ ဇယားဖြင့် ဖော်ပြအပ်ပါသည် -

**Fig 8. Top Five Dried, shelled beans of species "Vigna mungo [L.] Hepper Importers of EU in 2019**

| Importers | Select your indicators | | | |
|---|---|---|---|---|
| | Value imported in 2019 (USD thousand) | Quantity imported in 2019 | Unit value (USD/unit) | Share in world imports (%) |
| European Union (EU 28) Aggregation | 39741 | 31886 | 1246 | 4.4 |
| United Kingdom | 13932 | 11504 | 1211 | 1.6 |
| Netherlands | 7071 | 5944 | 1190 | 0.8 |
| Germany | 5463 | 5045 | 1083 | 0.6 |
| Belgium | 3082 | 2364 | 1304 | 0.3 |
| France | 2633 | 1796 | 1466 | 0.3 |

source : ITC Trade Map

၉။ ၂၀၁၉ ခုနှစ်တွင် EU နိုင်ငံများအနေနှင့် မတ်ပဲတင်သွင်းမှုပမာဏသည် ၃၁၈၈၆ တန် ဖြစ်ပြီး တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၃၉ ဒသမ ၇၄၁ သန်းရှိပါသည်။ ကမ္ဘာ့ဈေးကွက်၏ ၄ ဒသမ ၄ ရာခိုင်နှုန်းဈေးကွက်ဝေစုရယူထားပါသည်။

## သွင်းကုန်ခွန်လေ့လာချက်

၁၀။ အခွန်စည်းကြပ်မှုကိုလေ့လာရာတွင်ထိုင်းက MFN duties ၀.၀၅%၊ AANZFTA Countries, ASEAN Countries, LDC Countries တို့အတွက် ၀% ၊ တရုတ်၊ မလေးရှား၊ ထိုင်ပေ (တရုတ်) ၊ ကနေဒါ၊ ဩစတီးယား၊ အင်္ဂလန်၊ နယ်သာလန်စ်၊ ဂျာမဏီ၊ ဘယ်လ်ဂျီယမ်၊ ပြင်သစ်တို့က MFN duties ၀%၊ ကိုရီးယားက MFN duties ၆.၀၈%၊ ASEAN Countries အတွက် ၄.၈၆%၊ ဘင်္ဂလားဒေ့ရှ်က MFN duties ၀.၀၅%၊ ဖိလစ်ပိုင်က MFN duties ၀.၁% ၊ AANZFTA Countries, ASEAN Countries တို့အတွက် ၀% သတ်မှတ်ထားကြောင်း လေ့လာတွေ့ရှိ ရပါသည်။

**Tariff Rate of Dried, shelled beans of species "Vigna mungo**

| Partner | Tariff regime | Applied tariff (as reported) |
|---|---|---|
| Thailand | MFN duties (Applied) | 0.05 |
| | Preferential tariff for AANZFTA countries | 0 |
| | Preferential tariff for ASEAN countries | 0 |
| | Preferential tariff for Least Developed Countries | 0 |
| China | MFN duties (Applied) | 0 |
| Malaysia | MFN duties (Applied) | 0 |
| Taipei chinese | MFN duties (Applied) | 0 |
| Canada | MFN duties (Applied) | 0 |
| Austria | MFN duties (Applied) | 0 |
| United Kingdom | MFN duties (Applied) | 0 |
| Netherlands | MFN duties (Applied) | 0 |
| Germany | MFN duties (Applied) | 0 |
| Belgium | MFN duties (Applied) | 0 |
| France | MFN duties (Applied) | 0 |
| Korea republic of | MFN duties (Applied) | 6.08 |
| | Preferential tariff for ASEAN countries | 4.86 |
| Bangladesh | MFN duties (Applied) | 0.05 |
| Philippines | MFN duties (Applied) | 0.1 |
| | Preferential tariff for AANZFTA countries | 0 |
| | Preferential tariff for ASEAN countries | 0 |

Source: Market Access Map

# အလားအလာရှိသော ဈေးကွက်တစ်ခုစီလေ့လာချက်

## တရုတ်ဈေးကွက်

Fig 9 : Top 7 world exporters to China in 2019

| Country | Value (in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Myanmar | 41874 | 56273 | 744 | 48 |
| Uzbekistan | 22776 | 34055 | 669 | 26.1 |
| Indonesia | 16869 | 16588 | 1017 | 19.4 |
| Australia | 4726 | 5266 | 897 | 5.4 |
| Thailand | 581 | 657 | 884 | 0.7 |
| India | 187 | 151 | 1238 | 0.2 |
| Viet Nam | 163 | 238 | 685 | 0.2 |

Source : ITC Trade Map

## ဖိလစ်ပိုင်ဈေးကွက်

Fig 10: Top 10 world exporters to Philippines in 2019

| Country | Value (in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Myanmar | 14026 | 16227 | 864 | 45.1 |
| Indonesia | 11046 | 10622 | 1040 | 35.5 |
| China | 3127 | 3821 | 818 | 10.1 |
| Australia | 2007 | 2261 | 888 | 6.5 |
| Argentina | 573 | 1297 | 442 | 1.8 |
| Venezuela, Bolivarian Republic of | 230 | 290 | 793 | 0.7 |
| Uzbekistan | 46 | 144 | 319 | 0.1 |
| United States of America | 23 | 22 | 1045 | 0.1 |
| India | 12 | 12 | 1000 | 0 |
| United Arab Emirates | 5 | 5 | 1000 | 0 |

Source : ITC Trade Map

## မလေးရှားဈေးကွက်

**Fig 11: Top 10 world exporters to Malaysia in 2019**

| Country | Value (in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Myanmar | 18247 | 21943 | 832 | 74.3 |
| Argentina | 2133 | 2273 | 938 | 8.7 |
| China | 942 | 765 | 1231 | 3.8 |
| Australia | 867 | 826 | 1050 | 3.5 |
| Thailand | 680 | 518 | 1313 | 2.8 |
| United States of America | 337 | 298 | 1131 | 1.4 |
| Venezuela, Bolivarian Republic of | 313 | 371 | 844 | 1.3 |
| India | 290 | 245 | 1184 | 1.2 |
| Taipei, Chinese | 214 | 241 | 888 | 0.9 |
| United Arab Emirates | 177 | 240 | 738 | 0.7 |

Source : ITC Trade Map

## ထိုင်းဈေးကွက်

**Fig 12: Top 10 world exporters to Thailand in 2019**

| Country | Value (in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Myanmar | 19868 | 24545 | 809 | 87.2 |
| Argentina | 1116 | 1397 | 799 | 4.9 |
| Brazil | 1097 | 1238 | 886 | 4.8 |
| Venezuela, Bolivarian Republic of | 345 | 413 | 835 | 1.5 |
| Indonesia | 131 | 160 | 819 | 0.6 |
| Tanzania, United Republic of | 84 | 125 | 672 | 0.4 |
| China | 71 | 50 | 1420 | 0.3 |
| Australia | 24 | 24 | 1000 | 0.1 |
| India | 23 | 19 | 1211 | 0.1 |
| Thailand | 8 | 5 | 1600 | 0 |

Source : ITC Trade Map

## ထိုင်ပေ (တရုတ်) ဈေးကွက်

Fig 13: Top 10 world exporters to Taipei chinese in 2019

| Country | Value (in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Indonesia | 4555 | 4838 | 942 | 25.1 |
| Myanmar | 3863 | 3896 | 992 | 21.3 |
| China | 3730 | 3156 | 1182 | 20.6 |
| Brazil | 1750 | 1850 | 946 | 9.7 |
| Australia | 1674 | 1665 | 1005 | 9.2 |
| Thailand | 1672 | 1577 | 1060 | 9.2 |
| South Africa | 456 | 509 | 896 | 2.5 |
| Uzbekistan | 293 | 336 | 872 | 1.6 |
| Malaysia | 121 | 144 | 840 | 0.7 |
| India | 2 | 1 | 2000 | 0 |

Source : ITC Trade Map

## ကနေဒါ ဈေးကွက်

Fig 14: Top 10 world exporters to Canada in 2019

| Country | Value (in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| China | 6614 | 3909 | 1692 | 38.8 |
| India | 3070 | 2669 | 1150 | 18 |
| Thailand | 1998 | 1947 | 1026 | 11.7 |
| Myanmar | 1848 | 1997 | 925 | 10.8 |
| United States of America | 1332 | 1577 | 845 | 7.8 |
| Australia | 692 | 635 | 1090 | 4.1 |
| United Arab Emirates | 590 | 537 | 1099 | 3.5 |
| South Africa | 370 | 357 | 1036 | 2.2 |
| Argentina | 112 | 149 | 752 | 0.7 |
| Brazil | 101 | 151 | 669 | 0.6 |

Source : ITC Trade Map

## ကိုရီးယား ဈေးကွက်

Fig 15: Top 5 world exporters to Korea republic of in 2019

| Country | Value (in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| China | 6128 | 4716 | 1299 | 68.8 |
| Myanmar | 1595 | 1547 | 1031 | 17.9 |
| United States of America | 988 | 548 | 1803 | 11.1 |
| Peru | 197 | 144 | 1368 | 2.2 |
| India | 1 | 0 | | 0 |

Source : ITC Trade Map

## နယ်သာလန်နိုင်ငံ ဈေးကွက်

Fig 16: Top 10 world exporters to Netherlands in 2019

| Country | Value (in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Myanmar | 4477 | 3888 | 1151 | 63.3 |
| China | 920 | 588 | 1565 | 13 |
| Argentina | 353 | 418 | 844 | 5 |
| Thailand | 319 | 166 | 1922 | 4.5 |
| United Kingdom | 305 | 202 | 1510 | 4.3 |
| South Africa | 294 | 287 | 1024 | 4.2 |
| Belgium | 197 | 216 | 912 | 2.8 |
| Uzbekistan | 77 | 80 | 963 | 1.1 |
| Germany | 29 | 19 | 1526 | 0.4 |
| Viet Nam | 25 | 15 | 1667 | 0.4 |

Source : ITC Trade Map

ဂျာမဏီ ဈေးကွက်

Fig 17: Top 10 world exporters to Germany in 2019

| Country | Value (in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Netherlands | 2856 | 3086 | 925 | 52.3 |
| China | 945 | 579 | 1632 | 17.3 |
| Myanmar | 478 | 402 | 1189 | 8.7 |
| Turkey | 152 | 69 | 2203 | 2.8 |
| India | 149 | 106 | 1406 | 2.7 |
| Thailand | 146 | 74 | 1973 | 2.7 |
| Spain | 145 | 89 | 1629 | 2.7 |
| Canada | 144 | 152 | 947 | 2.6 |
| Poland | 116 | 146 | 795 | 2.1 |
| Argentina | 68 | 51 | 1333 | 1.2 |

Source : ITC Trade Map

ဘင်္ဂလားဒေ့ရှ် ဈေးကွက်

Fig 18: Top 3 world exporters to Bangladesh in 2019

| Country | Value (in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| India | 1861 | 1867 | 997 | 61.7 |
| Mozambique | 695 | 1050 | 662 | 23 |
| Australia | 462 | 654 | 706 | 15.3 |

Source : ITC Trade Map

## သြစတီးယား ဈေးကွက်

**Fig 19: Top 10 world exporters to Austria in 2019**

| Country | Value (in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| China | 419 | 225 | 1862 | 49.4 |
| Belgium | 179 | 118 | 1517 | 21.1 |
| Hungary | 73 | 71 | 1028 | 8.6 |
| Germany | 63 | 17 | 3706 | 7.4 |
| Slovakia | 30 | 37 | 811 | 3.5 |
| Argentina | 22 | 24 | 917 | 2.6 |
| Romania | 16 | 9 | 1778 | 1.9 |
| Uzbekistan | 13 | 14 | 929 | 1.5 |
| United Kingdom | 10 | 2 | 5000 | 1.2 |
| Italy | 9 | 10 | 900 | 1.1 |

Source : ITC Trade Map

## မြန်မာနိုင်ငံအတွက် အလားအလာအကောင်းဆုံး ဈေးကွက်များရွေးချယ်ခြင်း

၁၁။ ကမ္ဘာပေါ်တွင် မတ်ပဲအများဆုံး တင်သွင်းသော ထိပ်တန်းနိုင်ငံများကို လေ့လာရာတွင် အိန္ဒိယသည် ကမ္ဘာ့မတ်ပဲ အများဆုံးဝယ်ယူသောနိုင်ငံဖြစ်ပြီး၊ တစ်ကမ္ဘာလုံး၏ ဈေးကွက်ဝေစု ၂၈ ရာခိုင်နှုန်းရရှိထားသည်။ ဒုတိယ ဗီယက်နမ်က ဈေးကွက်ဝေစု ၁၄ ဒသမ ၄ ရာခိုင်နှုန်း၊ တတိယ တရုတ်က ဈေးကွက်ဝေစု ၉ ဒသမ ၇ ရာခိုင်နှုန်းရရှိနေသည်။ မြန်မာနိုင်ငံမှ မတ်ပဲများကို ယခုလက်ရှိအချိန်တွင် အိန္ဒိယ၊ အင်ဒိုနီးရှား၊ တရုတ်၊ ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဂျပန်၊ အင်္ဂလန်၊ နယ်သာလန်စ်၊ ထိုင်ပေ (တရုတ်) တို့သို့အများဆုံးတင်ပို့နေကြောင်း ITC Trade Data အရသိရသည်။

၁၂။ ၂၀၁၉ ခုနှစ်တွင် မြန်မာ့မတ်ပဲကို အများဆုံး ဝယ်ယူသောနိုင်ငံမှာ အိန္ဒိယဖြစ်သည်။ ကမ္ဘာ့ဈေးကွက်တွင် မြန်မာ့မတ်ပဲတင်ပို့မှုမှာ ဈေးကွက်ဝေစု ၄၁ ရာခိုင်နှုန်းရရှိထားပြီး အဓိက မှာအိန္ဒိယသို့တင်ပို့နေသည်။ မြန်မာမတ်ပဲထွက်ရှိမှု၏ ၅၂ ဒသမ ၇ ရာခိုင်နှုန်းကို အိန္ဒိယသို့ တင်ပို့နေခြင်းဖြစ်သည်။ မြန်မာမှ အိန္ဒိယနိုင်ငံ မတ်ပဲဈေးကွက်၏ ၇၆ ဒသမ ၈ ရာခိုင်နှုန်း

ဈေးကွက်ဝေစုရရှိထားသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ပို့ကုန်ထိပ်တန်း အဆင့် ၁ နေရာတွင်ရှိပြီး အိန္ဒိယ၊ အင်ဒိုနီးရှား၊ တရုတ်၊ ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ အင်္ဂလန်၊ နယ်သာလန်စ်၊ တို့သို့တင်ပို့မှု တွင် အဆင့် ၁၊ ဂျပန်၊ ထိုင်ပေ (တရုတ်)၊ ကိုရီးယားတို့သို့ တင်ပို့မှုတွင်အဆင့် ၂ ၊ ဂျာမဏီသို့ တင်ပို့မှုတွင် အဆင့် ၃၊ ကနေဒါသို့ တင်ပို့မှုတွင် အဆင့် ၄ နေရာများတွင် စာရင်းဝင်လျက် ရှိသည်။

၁၃။ တရုတ်၊ ဖိလစ်ပိုင်၊ မလေးရှား၊ ထိုင်း၊ ထိုင်ပေ (တရုတ်) တို့သည် ကမ္ဘာ့ဝယ်လိုအားနှင့် အာရှဝယ်လိုအား ထိပ်တန်းနိုင်ငံများဖြစ်ခြင်း၊ ကနေဒါသည် ကမ္ဘာ့ဝယ်လိုအား Top-11 ဖြစ်ခြင်း၊ ကိုရီးယားသည် အာရှထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ နယ်သာလန်စ်နှင့် ဂျာမဏီတို့သည် အီးယူဝယ်လို အားထိပ်တန်းနိုင်ငံများဖြစ်ခြင်း၊ အခွန်နည်းခြင်း၊ ၂၀၁၈-၂၀၁၉ နှစ်နှစ်အတွင်း တင်သွင်းမှု ရာခိုင်နှုန်းမြင့်လာခြင်းတို့ကြောင့် လက်ရှိဝယ်လက်ဈေးကွက်များအနက် ယင်းနိုင်ငံများသို့ ဈေးကွက်တိုးချဲ့သင့်ပြီး ကျန်ဈေးကွက်များကိုလည်း ဆက်လက်ထိန်းသိမ်းထားသင့်ပါသည်။

၁၄။ ဘင်္ဂလားဒေ့ရှ်သည် အိမ်နီးချင်းအာရှနိုင်ငံဖြစ်ခြင်း၊ ဩစတီးယားသည် အီးယူနိုင်ငံဖြစ်ခြင်း၊ အခွန်နည်းခြင်း၊ ၂၀၁၈-၂၀၁၉ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်း၊ ယင်းနိုင်ငံများသို့တင်သွင်းမှုတွင် မြန်မာမပါဝင်သေးခြင်းတို့ကြောင့် ဘင်္ဂလားဒေ့ရှ်၊ ဩစတီးယားတို့သို့ ဈေးကွက်ထိုးဖောက်သင့်ပါသည်။

၁၅။ ထူးခြားချက်အနေဖြင့် တရုတ်၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ ထိုင်းတို့တွင်တွေ့ရှိရပါသည်။ တရုတ်သည် ၂၀၁၅ ခုနှစ်တွင် ကန်ဒေါ်လာ ၂၂၇ သန်းကျော်ဘိုးနှင့် ၂၀၁၉ ခုနှစ်တွင် ကန်ဒေါ်လာ ၂၀၈ သန်းကျော်ဘိုးတင်ပို့ခဲ့သည့် Top -2 Exporter အနေဖြင့်တွေ့ရှိရသည်။ သို့သော် ၂၀၁၉ ခုနှစ် တွင်ပြည်ပမှ ကန်ဒေါ်လာ ၈၇ သန်းကျော်ဘိုးတင်သွင်းထားသည်ကို လေ့လာတွေ့ရှိရသည်။

၁၆။ အင်ဒိုနီးရှားသည် ၂၀၁၅ ခုနှစ်တွင် ကန်ဒေါ်လာ ၄၆ သန်းကျော်ဘိုးနှင့် ၂၀၁၉ ခုနှစ်တွင် ကန်ဒေါ်လာ ၃၅ သန်းကျော်ဘိုး တင်ပို့ခဲ့သည့် Top -4 Exporter အနေဖြင့်တွေ့ရှိရသည်။

သို့သော် ၂၀၁၉ ခုနှစ်တွင် ပြည်ပမှ ကန်ဒေါ်လာ ၇၃ သန်းကျော်ဘိုး တင်သွင်းထားသည်ကို လေ့လာတွေ့ရှိရသည်။

၁၇။ အိန္ဒိယသည် ၂၀၁၅ ခုနှစ်တွင် ကန်ဒေါ်လာ ၁၀ သန်းကျော်ဘိုးနှင့် ၂၀၁၉ ခုနှစ်တွင် ကန်ဒေါ်လာ ၂၄ သန်းကျော်ဘိုးတင်ပို့ခဲ့သည့် Top –8 Exporter အနေဖြင့်တွေ့ရှိရသည်။ သို့သော် ၂၀၁၉ ခုနှစ်တွင် ပြည်ပမှ ကန်ဒေါ်လာ ၂၅၁ သန်းကျော်ဘိုး တင်သွင်းထားသည်ကို လေ့လာတွေ့ရှိရ သည်။

၁၈။ ထိုင်းသည် ၂၀၁၅ ခုနှစ်တွင် ကန်ဒေါ်လာ ၂၈ သန်းကျော်ဘိုးနှင့် ၂၀၁၉ ခုနှစ်တွင် ကန်ဒေါ်လာ ၁၉ သန်းကျော်ဘိုးတင်ပို့ခဲ့သည့် Top –9 Exporter အနေဖြင့်တွေ့ရှိရသည်။ သို့သော် ၂၀၁၉ ခုနှစ်တွင် ပြည်ပမှ ကန်ဒေါ်လာ ၂၂ သန်းကျော်ဘိုး တင်သွင်းထားသည်ကို လေ့လာတွေ့ရှိရ သည်။

၁၉။ ၂၀၁၉ ခုနှစ်တွင် တရုတ်၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ ထိုင်းတို့သည် ပြည်တွင်းစားသုံးမှုအတွက် နှင့် Export အတွက် ပြည်ပမှ တင်သွင်းပြီး Re–Export ဆောင်ရွက်နေသည်ဟုသုံးသပ်ရပါသည်။